## ဗဟိုစာရင်းအင်းအဖွဲ့၊ စာရင်းအင်းဆိုင်ရာဆော့ဖ်ဝဲများ အသုံးချမှုသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တက်ရောက်လမ်းညွှန်မှာကြား

နေပြည်တော်၊ ဩဂုတ် ၂၃

ဗဟိုစာရင်းအင်းအဖွဲ့၊ စာရင်းအင်းဆိုင်ရာ ဆော့ဖ်ဝဲများ အသုံးချမှုသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရုံးအမှတ် (၃၂)၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း တက်ရောက်၍ လမ်းညွှန်အမှာစကား ပြောကြားပါသည်။

သင်တန်းဆင်းပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy စာရင်းအင်းပညာပါမောက္ခ(ဌာနမှူး) နှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ပါသည်။

ဒုတိယဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနရှိ ဌာနအသီးသီးတွင် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် စဉ်ဆက်မပြတ် တိုးတက်စေရန် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ၊ ဌာနတွင်းမွမ်းမံသင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊

ဗဟိုစာရင်းအင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ တရားဝင်စာရင်းအင်းများကို ကောက်ယူ၊ စုစည်း၊ ပြုစု၊ တွက်ချက် ထုတ်ပြန်နေသည့် အမျိုးသားအဆင့်စာရင်းအင်းရုံးဖြစ်၍ ဝန်ထမ်းများ၏ စာရင်းအင်းဆိုင်ရာ စီမံခန့်ခွဲမှုများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်မှုသည် များစွာအရေးကြီးကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကောက်ယူစုစည်းလျက်ရှိသည့် ဈေးနှုန်းစာရင်းအင်းများ၊ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ စာရင်းအင်းများ၊ သဘာဝဘေးစာရင်းအင်းများ၊ လူမှု-စီးပွားအချက်အလက်များ တိကျမှန်ကန်မှသာ ထိရောက်အကျိုးရှိသည့် မူဝါဒများ၊ စီမံကိန်းများ၊ ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ စာရင်းအင်းများ ကောက်ယူ၊ စုစည်း၊ တွက်ချက်၊ ထုတ်ပြန်ခြင်း လုပ်ငန်းစဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ စိစစ်ဆောင်ရွက်နိုင်ရန် လိုအပ်သော စာရင်းအင်းစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်ဆိုင်ရာ အရည်အသွေးများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည် ဖြစ်ကြောင်း၊

ယခု ဖွင့်လှစ်ခဲ့သည့် စာရင်းအင်းဆိုင်ရာ ဆော့ဖ်ဝဲများ အသုံးချမှုသင်တန်းသို့ တက်ရောက်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စာရင်းအင်းများကို ခေတ်မီစာရင်းအင်း ဆော့ဖ်ဝဲများ အသုံးပြုပြီး စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊

ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းမျိုးဆက်များ မွေးထုတ်ပေးနိုင်ရန် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချသွားရမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခဲ့သည် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချပေးသည့် သင်ခန်းစာများကို သေချာစွာ လေ့လာမှတ်သားပြီး မိမိတို့ကျရာ လုပ်ငန်းခွင်နယ်ပယ်တွင် အကျိုးရှိထိရောက်စွာ အသုံးချစေခြင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသ၌ ဌာနတွင်းသာမက ဆက်စပ်ဌာနအဖွဲ့အစည်းများကိုပါ ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချပေးခြင်း အပြင် ဝန်ထမ်းများဖြစ်ကြ၍ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်မှ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြပြီး အစဉ်လေ့လာသင်ယူနေသည့် ဝန်ထမ်းကောင်းများဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပါသည်။

အဆိုပါ သင်တန်းကို ၅-၈-၂၀၂၄ ရက်မှ ၂၃-၈-၂၀၂၄ ရက်အထိ ရက်သတ္တပတ် ၃ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်း ၃၀ ဦး တက်ရောက်ကြောင်း သတင်းရရှိပါသည်။

သတင်းစဉ်